International
IDEA

# ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းတွင် ပြည်သူလူထု ပါဝင်ဆောင်ရွက်ခြင်း




**ဖတ်လွယ်၊ မှတ်လွယ်**

# ဖတ်လွယ်၊ မှတ်လွယ်




ဤစာအုပ်ငယ်သည် ဖတ်လွယ်၊ မှတ်လွယ် နားလည်လွယ်ကူစေရန် ရေးသားပြုစု ထားသော စာအုပ်ဖြစ်သည်။ အချက်အလက်များကို အလွယ်တကူဖတ်ရှုနားလည်နိုင်ရန် ရိုးရှင်းစွာ ပုံဖော်ရေးသားထားပါသည်။





အချို့နားလည်ရခက်နိုင်သော စာလုံးများကို စာလုံး **အမည်းရောင်ထူထူ** ဖြင့် ရေးသားထား ပါသည်။ ထိုစာလုံးများအတွက် အဓိပ္ပါယ် ရှင်းလင်းချက် ဖော်ပြထားပါမည်။

ဤစာအုပ်ငယ်ကို ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) က ရေးသားထားခြင်း ဖြစ်သည်။



International IDEA သည် **ဒီမိုကရေစီ** ပြန့်ပွားရေးအတွက် ကမ္ဘာ့အရပ်ရပ်မှ အဖွဲ့အစည်းများစွာနှင့် လက်တွဲအလုပ် လုပ်ကိုင်လျက်ရှိပါသည်။



**ဒီမိုကရေစီ** ဆိုသည်မှာ မိမိနိုင်ငံအုပ်ချုပ် လည်ပတ်သည့်ပုံစံကို ပြည်သူများက အဆုံးအဖြတ်ပေး ရွေးချယ်နိုင်သည့် စနစ်ကို ဆိုလိုခြင်းဖြစ်သည်။

# ဤစာအုပ်ငယ်တွင် ပါဝင်သည့် အကြောင်းအရာများ


ပြည်သူလူထု ပါဝင်ဆောင်ရွက်ခြင်းဆိုတာ ဘာလဲ။ ........................ ၄

စဥ်းစားရန် မေးခွန်းများ ........................ ၆

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းတွင် ပြည်သူများ မည်သည့် နည်းလမ်းဖြင့် ပါဝင်နိုင်သလဲ။ ........................ ၁၀

ပြည်သူများ ဘယ်အချိန်တွင် ပါဝင်နိုင်သလဲ။ ........................ ၁၂

ပြည်သူများ ဘယ်လို ပါဝင်နိုင်သလဲ။ ........................ ၁၈

ဘာကြောင့် ပြည်သူလူထု ပါဝင်ဆောင်ရွက်မှု ရှိသင့်သလဲ။ ........................ ၂၄

ပြည်သူလူထု ပါဝင်ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရန် မည်သို့ ဆောင်ရွက်သင့်သလဲ။ ........................ ၂၆

ပိုမိုလေ့လာရန် ........................ ၂၉


# ပြည်သူလူထု ပါဝင်ဆောင်ရွက်ခြင်း ဆိုတာ ဘာလဲ။



ပြည်သူလူထု ပါဝင်ဆောင်ရွက်ခြင်းဆိုသည်မှာ ပြည်သူလူထုအပေါ် သက်ရောက်မှုရှိသည့် နိုင်ငံရေးဆုံးဖြတ်ချက်များ၊ ဥပမာ ဥပဒေရေးဆွဲခြင်း၊ **ဖွဲ့စည်းပုံအခြေခံဥပဒေ** ပြောင်းလဲခြင်း၊ သို့မဟုတ် အသစ်ရေးဆွဲခြင်းတို့တွင် ပြည်သူများ ပါဝင်ခွင့်ရှိခြင်း ဖြစ်သည်။




**ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအား မည်သို့ အုပ်ချုပ်ရမည်ကို ဖော်ပြပေးသည့် စည်းမျဥ်းများ ဖြစ်သည်။



ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် ၎င်းတို့ ကြိုက်သည့်အချက်များ၊ မကြိုက်သည့်အချက်များ၊ ပြောင်းလဲချင်သည့်အချက်များကို ဖော်ပြနိုင်ခွင့်ရှိသည်။



ယခုအခါ နိုင်ငံအများအပြားတွင် ပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်နိုင်ခွင့် ပိုမို ရရှိလာကြသည်။



ဖွဲ့စည်းပုံအခြေခံဥပဒရေးဆွဲခြင်းတွင်
ပါဝင်ဆောင်ရွက်ခွင့်ရှိသောအခါ
ပြည်သူများအနေဖြင့် ၎င်းတို့၏ သဘောထား
ကို ထုတ်ဖော်ပြောဆိုခွင့် ရှိပါသည်။

# စဥ်းစားရန် မေးခွန်းများ



ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းတွင် ပြည်သူများ ပါဝင်စေခြင်း မလုပ်ဆောင်ခင် စဥ်းစားရမည့် မေးခွန်းများရှိသည်။ မေးခွန်းများမှာ




- ဘာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲဖို့ လိုတာလဲ။



ဥပမာ - နိုင်ငံအသစ် ထူထောင်ရန်၊ ဆန္ဒပြမှုများကို ဖြေရှင်းဆောင်ရွက်ရန် သို့မဟုတ် ပဋိပက္ခမှ ငြိမ်းချမ်းရေးသို့ ကူးပြောင်းရန် ဖြစ်နိုင်သည်။




- မည်သည့် စည်းမျဥ်းများ ရှိထားနှင့်သလဲ။




နိုင်ငံအများးစုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအား မည်ကဲ့သို့ ပြောင်းလဲရမည်ကို ဖော်ပြထားသည့် စည်းမျဥ်းအချို့ ရှိထား နှင့်ကြပြီး ဖြစ်သည်။



ထိုစည်းမျဉ်းများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌ သို့မဟုတ် ပြောင်းလဲရာ၌ ဘယ်သူတွေ ပါဝင်နိုင်မည်၊ ဘယ်လောက် ကြာမြင့်မည်နှင့် ပြည်သူများ ဘယ်လိုပါဝင် နိုင်သည်တို့ကို ပြောပြထားလေ့ ရှိသည်။




- ဘယ်သူတွေ ပါဝင်နိုင်သလဲ။



**ဖယ်ကြဉ်ခံလူအုပ်စုများ** အပါအဝင် လူတိုင်း၏ သဘောထားကို သိရှိ နားထောင်ဖို့ အရေးကြီးပါသည်။



**ဖယ်ကြဉ်ခံလူအုပ်စုများ** ဆိုသည်မှာ ၎င်းတို့၏ သဘောထားများကို လေးစားခြင်း မခံရ သူများဖြစ်သည်။ ဖယ်ကြဉ်ခံလူအုပ်စုများတွင် အမျိုးသမီး၊ မသန်စွမ်း၊ လူငယ်၊ တိုင်းရင်းသား နှင့် ကျေးရွာနေ ပြည်သူများ ပါဝင်သည်။



- ပြည်သူလူထု ပါဝင်ရန် လုံခြုံမှုရှိပါသလား။



နိုင်ငံသည် ပဋိပက္ခမှ ငြိမ်းချမ်းရေးသို့ ကူးပြောင်းသည့်အခါမျိုးတွင် ပြည်သူများ အနေဖြင့် စိုးရိမ်ကြောက်ရွံ့စရာမလိုဘဲ ပါဝင်နိုင်ရန်နှင့် ၎င်းတို့၏ သဘောထားများကို ပြောပြနိုင်ရန် အရေးကြီးပါသည်။



- ပြည်သူများ မည်သို့ လွယ်လွယ်ကူကူ ပါဝင်နိုင်မည်နည်း။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူများ အနေဖြင့် ပြည်သူများ အခက်အခဲမရှိဘဲ ပါဝင်နိုင်စေရန် ဆောင်ရွက်သင့်သည်။ ဥပမာ အင်တာနက်ချိတ်ဆက်မှုနှင့် အွန်လိုင်း အသုံးပြုမှုများ အခက်အခဲမရှိစေရန်။



- ပြည်သူလူထုသည် အစိုးရ၊ ခေါင်းဆောင်များ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူများအပေါ် ယုံကြည်မှု ဘယ်လောက်ရှိပါသလဲ။



ယုံကြည်မှု နည်းပါးပါက ပြည်သူလူထု အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၎င်းတို့အတွက် ကောင်းမည်မဟုတ်ဟု ထင်မြင်လိမ့်မည်။



- ပြည်သူလူထု ပါဝင်ဆောင်ရွက်ရန်အတွက် ဘယ်အရာတွေ လိုအပ်မလဲ။

  ပြည်သူများ ပါဝင်ဆောင်ရွက်နိုင်ဖို့ ပြင်ဆင်ရန်အတွက် အစိုးရဝန်ထမ်းများ၊ သင်တန်းများ၊ ငွေ၊ အချိန်နှင့် အခြားလိုအပ်သည်များ အလုံအလောက်ရှိရန် အရေးကြီးသည်။

# ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းတွင် ပြည်သူများ မည်သည့်နည်းလမ်းဖြင့် ပါဝင်နိုင်သလဲ။



ပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် နည်းလမ်းအမျိုးမျိုးဖြင့် ပါဝင်နိုင်သည်။



- အချို့နိုင်ငံများတွင် ပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲခြင်း လုပ်ငန်းစဉ်ကို ၎င်းတို့ကိုယ်တိုင် စတင်နိုင်သည်။
- ပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲရန် ဆန္ဒပြတောင်းဆိုနိုင်သည်။





- ပြည်သူများသည် **ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့**၏ အဖွဲ့ဝင်များကို မဲပေးရွေးကောက်နိုင်သည်။



**ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် တာဝန်ရှိသူများ ဖြစ်သည်။



- ပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန် သို့မဟုတ် ပြောင်းလဲရန် သဘောထားများ၊ နည်းလမ်းများ အကြံပြုကာ ပါဝင်ဆွေးနွေးနိုင်သည်။



- **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ** တွင် ပါဝင်မဲပေးခြင်း ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံ အတည်ပြုနိုင်သည်။



**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် သို့မဟုတ် ဥပဒေတစ်ရပ် အတည်ပြုခြင်းကဲ့သို့ အရေးကြီးသော ကိစ္စရပ်တွင် ပြည်သူများက လက်ခံသည်၊ လက်မခံပါ ဟု မဲပေးခြင်း ဖြစ်သည်။

# ပြည်သူများ ဘယ်အချိန်တွင် ပါဝင်နိုင်သလဲ။




ပြည်သူများအနေဖြင့် အချိန်ကိုက် ပူးပေါင်းပါဝင်နိုင်ဖို့ အရေးကြီးသည်။ သို့မှသာ ပြည်သူများ ကြိုက်နှစ်သက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရရှိမည်ဖြစ်ပြီး ရေရှည်တည်မြဲမည်ဖြစ်သည်။

ပုံမှန်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် အဆင့်လေးဆင့် ရှိသည်။




- စတင်ခြင်း




- အစီအစဉ် ချမှတ်ခြင်း



- ရေးဆွဲခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း



- လက်ခံအတည်ပြုခြင်း

## စတင်ခြင်း



နိုင်ငံ၏ နောက်ခံအခြေအနေအပေါ် မူတည်ပြီး အချို့ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် စတင်လေ့ရှိသည်။

ထိုကဲ့သို့သော အခြေအနေမျိုးတွင် လူအုပ်စုအချို့ ကသာ ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို စတင်သည်။



ပုံမှန်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း ကို **နိုင်ငံရေးအရ ဩဇာကြီးမားသော လူအုပ်စုများ** က အစပြုဆောင်ရွက်လေ့ရှိသည်။ **နိုင်ငံရေးအရ ဩဇာကြီးမားသော လူအုပ်စုများ** ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံတွင် အာဏာအများစု ဆုပ်ကိုင်ထားသည့် လူတစ်စု ဖြစ်သည်။

သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်ကို ပြည်သူများက အစပြုနိုင်သည့် အခြားနည်းလမ်းများလည်း ရှိသည်။



- အချို့နိုင်ငံများတွင် ပြည်သူလူထုက လက်မှတ်အရေအတွက် အလုံအလောက် ကောက်ခံနိုင်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲခွင့် ရှိသည်။



- တစ်ခါတစ်ရံတွင် ပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲရန် ဆန္ဒပြ တောင်းဆိုနိုင်ကြသည်။

## အစီအစဥ် ချမှတ်ခြင်း



ဤအဆင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဥ်ကို မည်သို့လုပ်ဆောင်မည်၊ မည်သည့်အချက်များ ပြောင်းလဲမည်ကို ဆုံးဖြတ်ခြင်းဖြစ်သည်။ ထိုသို့ ဆုံးဖြတ်ရာတွင် အောက်ပါတို့ပါဝင်သည်။



- ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ဆွေးနွေးမှုများကို မည်သူက ဦးဆောင်မည်နည်း။



- ဘယ်သူတွေ ပါဝင်မည်လဲ။




- မည်သည့်စည်းမျဉ်းများကို လိုက်နာရန် လိုအပ်သလဲ။



- ဘယ်လောက် ကြာမြင့်မည်လဲ။




- ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မည်သည့်အပိုင်းများကို ပြောင်းလဲမည်နည်း။



- ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးသားရန် မည်သည့်စည်းမျဉ်းများကို အသုံးပြုမည်နည်း။

## ရေးဆွဲခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း



ဤအဆင့်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးသား သို့မဟုတ် ပြောင်းလဲကြသည်။



ဤအဆင့်တွင် ပြည်သူများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေစာသားအပေါ် အကြံပြုချက်များ နှင့် သဘောထားမှတ်ချက်များ ပေးနိုင်သည်။




အစိုးရအနေဖြင့် ပြည်သူများ၏ အကြံပြုချက်များ ကို မည်သို့ ပြန်လည်အသုံးပြုမည်၊ နိုင်ငံရေး ဆုံးဖြတ်ချက်များနှင့် မည်သို့ချိတ်ဆက် ဆောင်ရွက်မည်ကို စဉ်းစားရန် အရေးကြီးသည်။

## လက်ခံအတည်ပြုခြင်း




အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဤအဆင့် တွင် အတည်ပြုသည်။



မည်သို့မည်ပုံ အတည်ပြုမည်ဆိုသည်မှာ ရှိနှင့်ပြီးသား စည်းမျဉ်းများအပေါ်တွင် မူတည်သည်။



များသောအားဖြင့် အပြီးသတ်ဖွဲ့စည်းပုံ
အခြေခံဥပဒေကို **လွှတ်တော်** တွင်း မဲ
ပေး၍ဖြစ်စေ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ
ကျင်းပ၍ ဖြစ်စေ အတည်ပြုသည်။




**လွှတ်တော်**ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ဥပဒေ
များကို ရေးသားခြင်း၊ ပြောင်းလဲခြင်းများ
လုပ်ဆောင်သည့် ရွေးကောက်ခံ အစိုးရအဖွဲ့
အစည်းတစ်ရပ် ဖြစ်သည်။




တစ်ခါတစ်ရံတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ
ကျင်းပမည်၊ မကျင်းပမည်ကို နိုင်ငံရေး
ဆွေးနွေးမှုများတွင် ဆုံးဖြတ်ကြသည်။

# ပြည်သူများ ဘယ်လို ပါဝင်နိုင်သလဲ။

များသောအားဖြင့် ပြည်သူများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဥ်တွင် နည်းလမ်း သုံးမျိုးဖြင့် ပါဝင်နိုင်သည်။ ထို နည်းလမ်းများမှာ



- ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲပေးခြင်း





- ရွေးကောက်ပွဲတွင် မဲပေးခြင်း




- ပါဝင်ဆွေးနွေးခြင်း

## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲပေးခြင်း



ပြည်သူများ ပါဝင်စေနိုင်မည့် အထင်ရှားဆုံး နည်းလမ်းတစ်ရပ်မှာ အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခြင်းဖြစ်သည်။ ပြည်သူများသည် လက်ခံသည်၊ လက်မခံပါ ဟု မဲပေးနိုင်သည်။



ထိုသို့မဲပေးခြင်းဖြင့် ပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်သည်၊ သို့မဟုတ် ငြင်းပယ်နိုင်သည်။

## ရွေးကောက်ပွဲတွင် မဲပေးခြင်း




ပြည်သူများ ပါဝင်နိုင်သည့် အခြားထင်ရှားသော နည်းလမ်းတစ်ရပ်မှာ ရွေးကောက်ပွဲတွင် မဲပေးခြင်းဖြစ်သည်။




ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲမည်ဟု ကတိပေးထားသည့် နိုင်ငံရေးခေါင်းဆောင်များ သို့မဟုတ် ပါတီများကို ပြည်သူများက ရွေးကောက်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းစဥ်ကို ကူညီအစပြု စေနိုင်သည်။


ပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့၏ အဖွဲ့ဝင်များကို ရွေးကောက်ခြင်းဖြင့်လည်း ၎င်းတို့၏ သဘောထားကို ဖော်ထုတ်နိုင်သည်။

## ပါဝင်ဆွေးနွေးခြင်း



ပြည်သူလူထုအကြား ဆွေးနွေးမှုများ ပြုလုပ်ပေးခြင်းသည်လည်း ပြည်သူများ၏ သဘောထားကို တင်ပြနိုင်စေမည့် အခြားနည်းလမ်းတစ်ရပ် ဖြစ်သည်။ ပြည်သူများအနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအပေါ် ၎င်းတို့၏ ထင်မြင်ချက်များကို ဆွေးနွေး၊ တင်ပြနိုင်သည်။


ဤသို့သော ဆွေးနွေးမှုများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်၏ အဆင့်အသီးသီး တွင် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်နိုင်သည်။



- တစ်ခါတစ်ရံတွင် အစီအစဉ် ချမှတ်သည့်အဆင့် တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆိုင်သည့် ကိစ္စရပ်တစ်ခုခုအပေါ် ပြည်သူများသည် သဘောတူသည်၊ သဘောမတူပါ ဟု မဲပေးကာ ပါဝင်နိုင်သည်။



- ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် ပြည်သူများ၏ မှတ်ချက်များ၊ အကြံပြုချက်များကို တောင်းခံနိုင်သည်။



ပြည်သူများ မည်သည့်အချိန်တွင် မည်သို့ ပါဝင်ဆွေးနွေးနိုင်သည်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအဖွဲ့က ဆုံးဖြတ် လေ့ရှိကြသည်။



များသောအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းအဆင့် သို့မဟုတ် အစီအစဥ် ချမှတ်ခြင်းအဆင့်တွင် ပြည်သူများ၏ သဘောထားကို မေးလေ့ရှိသည်။



ပြည်သူများသည် ၎င်းတို့၏ သဘောထားမှတ်ချက်များကို အစိုးရ၏ ဝဘ်ဆိုဒ်များ၊ ဖေ့ဘွတ်စ်စာမျက်နှာ သို့မဟုတ် တွစ်တာတို့တွင် ပေးပို့တင်ပြနိုင်သည်။



တစ်ခါတစ်ရံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ စာသားအကြောင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေအား မည်သို့ပြောင်းလဲသင့်ကြောင်းကို ပြည်သူများအား မေးခွန်းများ မေးမြန်းနိုင်သည်။



ထိုသို့ မေးမြန်းရာတွင် ဘာတွေမေးမြန်းမည်၊ ဘယ်သူ့ကို မေးမြန်းမည်၊ ရလာမည့် အဖြေများကို မည်သို့ ပြန်လည်အသုံးပြုမည်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့က ဆုံးဖြတ်သည်။



ပြည်သူလူထုအများအပြားကို မေးမြန်းနိုင်ပြီး ဖယ်ကြဥ်ခံလူအုပ်စုများ၏ သဘောထားအမြင်များကိုလည်း နားထောင်ရမည်ဖြစ်သည်။



- ပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့နှင့် မျက်နှာချင်းဆိုင်တွေ့ဆုံ ဆွေးနွေးခြင်းဖြင့်လည်း ၎င်းတို့၏ သဘောထား၊ ထင်မြင်ချက်ကို ပြောပြနိုင်သည်။

# ဘာကြောင့် ပြည်သူလူထု ပါဝင်ဆောင်ရွက်မှု ရှိသင့်သလဲ။




ပြည်သူလူထု ပါဝင်ဆောင်ရွက်ခြင်းတွင် ကောင်းကျိုးလည်းရှိသလို ဆိုးကျိုးလည်း ရှိပါသည်။



ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးတွင် ပါဝင် ဆောင်ရွက်ခြင်းဖြင့်  ပြည်သူများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေအကြောင်းကို လေ့လာမိပြီး ၎င်း တို့၏ရပ်ရွာ အရေးကိစ္စများတွင်လည်း ပိုမိုပါဝင် နိုင်မှုရှိသည်ဟု ခံစားရစေသည်။



ထိုသို့ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်းအားဖြင့် ပြည်သူများသည် ဒီမိုကရေစီစနစ်ကို အားပေး ထောက်ခံလာပြီး ဒီမိုကရေစီနည်းကျ ပိုမိုပြုမူ နေထိုင်လာနိုင်ပါသည်။



ပြည်သူလူထုအား ပါဝင်ခွင့်ပေးခြင်းဖြင့် ပြည်သူလူထု၏ သဘောထားအမြင်များကို ခေါင်းဆောင်များ ပိုမိုသိရှိစေနိုင်သည်။



နိုင်ငံတစ်နိုင်ငံသည် ပဋိပက္ခမှ ငြိမ်းချမ်းရေးသို့ ကူးပြောင်းစဉ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပြည်သူများကို ပါဝင်ဆောင်ရွက်ခွင့်ပေးပါက ငြိမ်းချမ်းရေးရရှိရန် အထောက်အကူပြုနိုင်သည်။



နိုင်ငံတွင် ဒီမိုကရေစီရရှိရန်လည်း အထောက်အကူပြုနိုင်သည်။



ပြည်သူလူထု ပါဝင်ဆောင်ရွက်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခွင့်အရေးများ၊ ဒီမိုကရေစီ စည်းမျဉ်းများ ပိုမိုပါဝင်စေနိုင်သည်။ ပို၍လည်း ရေရှည်တည်မြဲစေနိုင်သည်။



သို့သော် ပြည်သူလူထု ပါဝင်ဆောင်ရွက်မှုရှိတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူတိုင်းကို အကာအကွယ်ပေးမည့် အခွင့်အရေးများ သေချာပေါက် ပါဝင်လာမည်ဟု အတိအကျ သက်သေမပြနိုင်ပါ။



အစုအဖွဲ့ အများအပြား ပါဝင်ဆောင်ရွက်သောအခါ သဘောတူညီမှုရရှိရန် ခက်ခဲနိုင်သည်။



ပြည်သူလူထု၏ သဘောထားအမြင်များကို အမှန်တကယ် နားထောင်မှု၊ စဉ်းစားမှု မရှိပါက ခေါင်းဆောင်များနှင့် ပြည်သူလူထုအကြား မယုံကြည်မှု ဖြစ်စေနိုင်သည်။



အားနည်းသည့် နိုင်ငံရေးစနစ်များတွင် ခေါင်းဆောင်များသည် ပြည်သူလူထု၏ သဘောထားကို အကြောင်းပြချက်ပေးကာ ဒီမိုကရေစီစနစ် ထိခိုက်အောင် ထိန်းချုပ် လုပ်ဆောင်လာနိုင်သည်။

# ပြည်သူလူထု ပါဝင်ဆောင်ရွက်မှု ပိုမိုကောင်းမွန် စေရန် မည်သို့ဆောင်ရွက်သင့်သလဲ။



ခေါင်းဆောင်များသည် ရှိနှင့်ပြီးသား ဥပဒေများ၊ စည်းမျဉ်းများ၊ အထူးသဖြင့် ပြည်သူလူထု ပါဝင် ဆောင်ရွက်ခြင်းအကြောင်း ရေးသားထားသည့် အချက်များကို ဆန်းစစ်ဖို့ လိုအပ်သည်။



ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်ကို လမ်းညွှန်ပေးမည့် ဥပဒေအသစ် များ ရေးဆွဲချမှတ်သင့်သည်။



ခေါင်းဆောင်များသည် စီစဉ်သင့်သည်များကို စောလျင်စွာ စီစဉ်သင့်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပြည်သူလူထု ၏ အကြံပြုချက်များကို မည်သို့ ထည့်သွင်း အသုံးပြုမည်ကိုလည်း စဉ်းစားထားသင့်သည်။




ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ် အဆင့်များအနက် မည်သည့်အဆင့်တွင် ပြည်သူလူထုအား ပါဝင်စေမည်ကို ဆုံးဖြတ်ရန် အရေးကြီးသည်။



ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူများသည် ရေးဆွဲရေးလုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်သင့်သည်။



ဆိုလိုသည်မှာ ရေးဆွဲရေး အစီအစဉ်များ၊ ကြာမြင့်မည့် အချိန်ကာလ၊ ပြည်သူများ ပါဝင်နိုင်မည့် နည်းလမ်းများနှင့် ပြည်သူများ၏ သဘောထားအမြင်များကို မည်သို့ အသုံးပြုမည် တို့ကို ပြည်သူများအား ပြောပြသင့်သည်။



ပြည်သူများ၏ အကြံပြုချက်များကို မည်သို့ အသုံးပြုခဲ့ကာ၊ ဆုံးဖြတ်ချက် မည်သို့ချမှတ်ခဲ့ပုံ တို့ကိုလည်း လုပ်ငန်းစဉ်အဆုံးသတ်တွင် ပြည်သူများထံ အသိပေးပြောပြသင့်သည်။



ပြည်သူလူထု ပါဝင်ဆောင်ရွက်မှုဟု ဆိုရာတွင် မသန်စွမ်းများ၊ အမျိုးသမီးများ၊ လူငယ်များ၊ ကျေးရွာတွင် နေထိုင်သူများ၊ **လူနည်းစုအုပ်စုများ** စသည့် လူအုပ်စုများအားလုံး ပါဝင်သင့်သည်။



**လူနည်းစုအုပ်စုများ** ဆိုသည်မှာ လူမျိုး၊ ယဉ်ကျေးမှု သို့မဟုတ် ကိုးကွယ်ယုံကြည်သည့် ဘာသာသည် အခြားလူများစုနှင့် မတူသည့် သေးငယ်သည့် လူအုပ်စုဖြစ်သည်။



ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူများသည် ပြည်သူများ ပါဝင်ဆောင်ရွက်ရာတွင် အခက်အခဲ ဖြစ်စေမည့် အရာများကို နားလည်အောင် ဆောင်ရွက်သင့်သည်။ ဥပမာ ဘာသာစကား မတူညီသည့် အခက်အခဲ



ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းတွင် ပြည်သူများ ထိထိရောက်ရောက် ပါဝင်နိုင်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းအရာများကို နားလည်နိုင်စေရန် အစိုးရသည် ပြည်သူများ အတွက် သင်တန်းများ ပို့ချပေးသင့်သည်။

# ပိုမိုလေ့လာရန်

International IDEA အကြောင်းကို ဤဝက်ဘ်ဆိုဒ်တွင် လေ့လာနိုင်ပါသည်။
www.idea.int

ဆက်သွယ်ရန်လိပ်စာ

- စာတိုက်
  International IDEA
  Strömsborgsbron 1
  SE-103 34 စတော့ဟုမ်းမြို့
  ဆွီဒင်နိုင်ငံ

- ဖုန်းနံပါတ် +46 8 698 37 00

- အီးမေးလ် publications@idea.int

ဤစာအုပ်ငယ်တွင် Canva မှ လိုင်စင်ခွင့်ရှိသော ရုပ်ပုံများပါဝင်သည်။
စာအုပ်အဖုံးမှ ရုပ်ပုံကို ChatGPT ဖြင့် ရေးဆွဲထားပါသည်။

© 2025 International Institute for Democracy and Electoral Assistance